

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ



**၁,၅၁၉+**

သတ်ဖြတ်ခံရ



**၁၁,၉၈၀+**

ဖမ်းဆီးခံခဲ့ရ



**၈,၉၇၇+**

ချုပ်နှောင်ခံထားရဆဲ



**၁,၉၇၄+**

ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

ဖေဖော်ဝါရီလ ၁ ရက်သည် ဥပဒေမဲ့ အာဏာသိမ်းသည့် ၃၆၅ ရက်နေ့ပြည့်သည့်နှစ်ပတ်လည်နေ့ဖြစ်သည်။ အကြမ်းဖက်စစ်အာဏာရှင်သည် တစ်နှစ်ပတ်လုံး ဆန့်ကျင်တော်လှန်လှုပ်ရှားမှုကို ချေမှုန်းရန် ဒါဇင်နှင့်ချီသော အကြမ်ဖက်သည့် နည်းပရိယာယ်များကို အသုံးပြုခဲ့သည်။ အကြမ်းဖက် ဖိနှိပ်မှုများ မည်မျှပင် ပြင်းထန်နေစေကာမူ နွေဦးတော်လှန်ရေးစိတ်ဓါတ်ဖြင့် အာဏာရှင်ကို ဆက်လက်တော်လှန်နေကြသည်။ ငြိမ်းချမ်းစွာနေထိုင်ပိုင်ခွင့်ကို အရှုံးပေးရန် မထိုက်တန်သောကြောင့် ခေတ်အဆက်ဆက်ပြည်သူများသည် ဒီမိုကရေစီကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားရန် ပုံသဏ္ဍာန် မျိုးစုံဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်တပ်၏ တပ်သား အင်အားနည်းပါးသည်မှာ နှစ်အတော်ကြာနေခဲ့ပြီဖြစ်သည်။ တရားဥပဒေနှင့်မညီသော အာဏာသိမ်းခဲ့မှုကြောင့် ၎င်းတို့အား အယုံအကြည် နည်းပါးလာသည်။ လေ့လာဆန်းစစ်မှုအရ ညဘက်တွင် တစ်ယောက်တည်း လမ်းလျှောက်ခြင်းသည် လုံခြုံမှုမရှိဟူသော အရေအတွက် မြင့်မားမှုနှင့်အတူ မြန်မာနိုင်ငံ၏ ခေါင်းဆောင်မှုသည် ၂၀၂၁ ခုနှစ်တွင် ရမှတ် ၆၀ ထိကျဆင်းခဲ့သည်။ လေ့လာတွေ့ရှိရသည့် စစ်တမ်းအရ နိုင်ငံအတွင်း ယုံကြည်မှုကျဆင်းခြင်းသည် လွန်ခဲ့သည့် ၁၅ နှစ်အတွင်း အဆိုးဆုံး ဖြစ်ကြောင်းတွေ့ရှိရသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအား မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးမတည်ငြိမ်မှုများနှင့်ပတ်သက်၍ 'ထိုင်ကြည့်နေသည်' ဟု စွပ်စွဲနေသည်မှာလည်း မှန်ပါသည်။ လူပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့ပြီး ထောင်နှင့်ချီသော ဥပဒေမဲ့ ဖမ်းဆီးမှုများနှင့် ဖမ်းဂရမ်းများထုတ်ခံရသည်။ ဘက်ပြောင်းလာသော တပ်မတော်သား အရေအတွက် စံချိန်တင်ဂဏန်းများနှင့်အတူ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်လိုလားသူများကောင်းမွန်စွာ ရှင်သန်နေသည်။ သို့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းသည် အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့်အကြမ်း ဖက်စစ်ခေါင်းဆောင်များကို တာဝန်ခံမှုရှိစေရန် လိုလိုလားလား စွက်ဖက်ခြင်းထက်၊ ကမ္ဘာလုံးဆိုင်ရာ ဇာတ်ဆောင်များသည် တစ်ခြားလမ်းကို လှည့်သွားကြောင်း မကြာခဏတွေ့ရသည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြသူများမှာ ထူးခြားသော ရဲစွမ်းသတ္တိကို ပြသနေကြသော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းသည် စစ်အာဏာရှင်များကို တာဝန်ခံမှုရှိစေရန် ၎င်းတို့လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများတွင် ဆက်လက် ပျက်ကွက်နေဆဲဖြစ်ကာ စိတ်မသက်မသာစွာဖြင့် နှုတ်ဆိတ်နေကြဆဲဖြစ်သည်။ ကလေးသူငယ်များနှင့် အမျိုးသမီးများအပါ ဝင်အရပ်သားပြည်သူများကို သတ်ဖြတ်ရန် အမိန့်ပေးသည့် ထိပ်ပိုင်းအာဏာရှင် စစ်ခေါင်းဆောင်များကို ပိတ်ဆို့အရေးယူရမည်ဖြစ်သည်။ လေယာဉ်လောင်စာဆီနှင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှုအပေါ် ပိတ်ဆို့အရေးယူမှုများသည် အရပ်သားများကိုရမ်းသမ်းပစ်ခတ်သတ်ဖြတ်ရာတွင် အသုံးပြုသည့် လက်နက်များအား စစ်အာဏာရှင်များ လက်လှမ်း မီနိုင်မှုကို ပြင်းထန်စွာ ဟန့်တားနိုင်မည်ဖြစ်သည်။

ရိုဟင်ဂျာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူ မဝေဝေနုမှ သူမ၏ The World Has Failed to Stand with Myanmar အယ်ဒီတာ့အာဘော်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) မှ မြန်မာနိုင်ငံတွင်း အခြေအနေများကို အရေးယူဆောင်ရွက်ရန် ပျက်ကွက်မှုသည် “သမိုင်းဝင် အထောက်အပံ့ အားနည်းမှုကို “ကိုယ်စားပြုသည်ဟု ဖော်ပြခဲ့သည်။ UNSC သည် တခါးပိတ်အစည်းအဝေးသာ လုပ်ဆောင်ခဲ့ပြီး အရေးယူမှုများနှင့် တာဂန်ခံမှုများအတွက် တောင်းဆိုနေကြသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန် ပျက်ကွက်ခဲ့သည်။

ပြည်သူထံမှ သတင်းစကားသည် ရှင်းရှင်းလင်းလင်းဖြစ်ခဲ့သော်လည်း ကုလသမဂ္ဂ အထူးသံတမန် Dr Noeleen Heyzer မှ Channel News Asia နှင့် တွေ့ဆုံမေးမြန်းခန်းတွင် စစ်အာဏာရှင်နှင့်အတူ အာဏာခွဲဝေမှုဆိုင်ရာ အကြံပြုချက်များအား မှတ်ချက်ပေးခဲ့သည်မှာ အံ့သြစရာပင်ဖြစ်သည်။ သူမ၏ အကြံပြုချက်ကို မြန်မာအရပ်ဘက်အဖွဲ့အစည်းများမှ ကန့်ကွက်ခဲ့သည်။ မြန်မာပြည်သူတို့၏ ရှေ့ခရီးလမ်းတွင် သွေးစွန်းနေသည့် စစ်အုပ်စုဖြင့် တွေ့ဆုံ ဆွေးနွေးရေး မပါဝင်ကြောင်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ထုတ်ဖော်ပြောဆိုမှုကို သူမအနေဖြင့် အသိမှတ်ပြု ထောက်ခံသင့်သည်။ ပိတ်ဆို့အရေးယူမှုများနှင့်အတူ မြန်မာနိုင်ငံမှ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ ချက်ချင်းလွှဲပြောင်းပေးရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စစ်လက်နက်တင်ပို့ရောင်းချမှု ပိတ်ဆို့ရန်လိုသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ကရင်ပြည်နယ်

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏အဆိုအရ အကြမ်းဖက်စစ်တပ်သည် ကရင်လွတ်မြောက်ရေးတပ်မတော် KNLA ကို လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သော ကြောင့် ဒေသခံများ ထောင်နှင့်ချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် အလွန်ထိခိုက်လွယ်ဆုံးဖြစ်ပြီး အန္တရာယ်ရှိနေသည်။ စစ်ဘေးရှောင် ဒုက္ခသည်များ ကြုံတွေ့နေရသော အခက်အခဲများစွာကိုရည်ညွှန်း၍ တိုက်ခိုက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ကြောင်းကရင်အမျိုးသမီးအစည်းအရုံး (KWO) မှ နော်ကညောဖောမှ ထုတ်ဖော်ပြောကြားခဲ့သည်။ စစ်အာဏာရှင်များ၏ ပရမ်းပတာပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အမျိုးသမီးနှင့် ကလေးတစ်ဦး၏ ရင်နာဖွယ် ဖြစ်ရပ်နှစ်ခုကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်နေ့တွင်လည်း လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့်၃ လသားအရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ နောက်တစ်နေ့တွင်လည်း ထပ်မံတိုက်ခိုက်ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အဘွား အိုတစ်ဦး၏ ဦးခေါင်းနှင့် ရင်ဘတ်တို့တွင် ဒဏ်ရာရရှိခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဧပြီလ ၂၀၂၁ ခုနှစ်မှ ဇန်နဝါရီလ၂၀၂၂ ခုနှစ်အတွင်း နေရပ်စွန့်ခွာထွက်ပြေးသူပေါင်း ၁၀၀,၀၀ ကျော်ရှိသည်ဟု ခန့်မှန်းထားသည်။ လေကြောင်းဖြင့် ဆက်လက်တိုက်ခိုက်မှုကြောင့် ဒေသခံအရပ်သားများ မိမိနေရပ်သို့ ဘေးကင်းလုံခြုံစွာဖြင့် ပြန်နိုင်ရေးကို ဟန့်တားခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် အရပ်သားများနေထိုင်ရာ အနီးအပြားတွင် မြေမြှုပ်မိုင်းများကို မြှုပ်နှံ၍ အရပ်သားတို့၏ နေအိမ်များကို ဖျက်ဆီးကာ အိမ်မွေး တိရစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများကို ခိုးယူခဲ့သည်။

## ကရင်နီပြည်နယ်

ယခုနှစ် ဇန်နဝါရီလ တစ်လတည်းတွင် ကယား (ကရင်နီ) ပြည်နယ်တွင် လူပေါင်း ၄၅ ဦးသေဆုံးခဲ့သည်။ ကရင်နီလူ့ အခွင့်အရေးအဖွဲ့ အပါအဝင် လူ့အခွင့်အရေး အဖွဲ့အစည်းများသည် တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် အာဏာရှင်၏ ရက်စက်ကြမ်း ကြုတ်သော ချိုးဖောက်များကို မှတ်တမ်းတင်ထားပြီး “လူမ ဆန်သောလုပ်ရပ် “ ဖြစ်သည်ဟု အပြင်းထန်ဆုံးထုတ်ဖော်ရှုတ် ချထားပြီး ထိုချိုးဖောက်မှုများအတွက် တရားစွဲဆိုနိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားမည် ကတိကဝတ်ပြုကြသည်။ ချိုးဖောက်ခံရသူများထဲတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် ၆ ဦး သေဆုံးခဲ့ပြီး ၄ ဦးမှာ လက်နက်ကြီး ပစ်ခတ်စဉ် နှလုံးရောဂါကြောင့် သေဆုံးခဲ့သည်။ တွေ့ရှိရသည့် အခြားသောအလောင်းများတွင် ဦးခေါင်းဒဏ်ရာများနှင့် မြင်သာထင်သာရှိသော ပြတ်ရှဒဏ်ရာများ အပါအဝင် ပြင်းထန်သော ဒဏ်ရာများရှိကြောင်း အထောက်အထားများ တွေ့ရှိခဲ့သည်။ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များ သေဆုံးခဲ့ပြီး လမ်းဘေးတူးမြောင်းများတွင် အလောင်းများအားတွေ့ရှိခဲ့သည်။ကယား(ကရင်နီ)ပြည်နယ်တွင် လူ(၂၀၀)နီးပါးကို အကြမ်းဖက်စစ်တပ်မှသတ်ဖြတ်ခဲ့သည်။

အကြမ်းဖက်စစ်တပ်မှ ချိုးဖောက်မှုများအားလုံးကို ငြင်းဆိုထားပြီး သက်သေအထောက်အထားမခိုင်လုံဘဲ ကယား (ကရင်နီ) ပြည်နယ်အခြေစိုက် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ အကြမ်းဖက်စစ်တပ်နှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များကြားတိုက်ပွဲများကြောင့် ဒေသခံ ၂၀၀,၀၀၀ ကျော်ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ကယားပြည်နယ်၏ ၉၀ % ကျော်ကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ကရင်နီအမျိုးသားကာကွယ်ရေးတပ်မတော် KNDF မှ ထုတ်ဖော်ပြောကြားခဲ့သည်။

## စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် အကြမ်းဖက်စစ်တပ် ဝင်ရောက်လာပြီးနောက် အပြစ်မဲ့အရပ်သားပြည်သူတို့၏ နေအိမ်များ မီးလောင်ပျက်ဆီးခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဒေသခံကာကွယ်ရေးတပ်များ ခိုအောင်းနေသည်ဟု စွပ်စွဲကာ နေအိမ် ၄၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ အိမ်ခြေ ၂၆၅ လုံးရှိသည့်မွေ့တုံ့ရွာတွင် အိမ် ၂၂၀ ကျော် မီးလောင်ကျွမ်းခဲ့သည်ဟု နေအိမ် ဆုံးရှုံးခဲ့ရသည့် ရွာသားတစ်ဦးမှ ပြောပြခဲ့သည်။ မီးလောင်ပြင်ကဲ့သို့ဖြစ်နေခဲ့ပြီး တစ်ရွာလုံးပြာကျခဲ့သည်ဟု သက်သေများမှ ပြန်လည် ပြောပြခဲ့သည်။ လက်နက်ကြီးများ စတင် ပစ်ခတ်ချိန်တွင် ကျေးရွာသားများ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ၎င်းတို့၏ ပစ္စည်းဥစ္စာများနှင့် အိမ်မွေးတိရစ္ဆာန်များကို သိမ်းယူရန် အချိန်မရရှိခဲ့ပေ။

ပြီးခဲ့သည့်နှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေလှန်ချေမှုန်းသော ရက်စက်ကြမ်းကြုတ်သည့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများအနက် ယခုအကြိမ်သည် နောက်ဆုံးဖြစ်သည်ဟု သိရှိရသည်။ အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်းနှင့် ရမ်းသမ်းပစ်ခတ် တိုက်ခိုက်မှုများကြောင့် ဒေသခံရွာသားများကို အာဏာရှင်အား ပိုမို နာကြည်းစေခဲ့ပြီး စစ်အာဏာရှင် ဆန့်ကျင်တိုက်ခိုက်သည့်တပ်ဖွဲ့များအား ပိုမိုခိုင်မာသော ထောက်ခံမှုကို ရရှိစေခဲ့သည်။

"ပြီးခဲ့တဲ့နှစ်မှာ စစ်အာဏာရှင်တွေက ပြည်သူတွေကို  လူမဆန်စွာ ရက်စက်ကြမ်းကြုတ်တဲ့ နည်းလမ်းမျိုးစုံနဲ့ အကြမ်းဖက်နှိပ်စက်ခဲ့တာကို မြင်တွေ့ခဲ့ရပါတယ်။ အဲ့ဒီလိုဘဲ မျိုးဆက်သစ်လူငယ်တွေက စစ်အာဏာရှင်စနစ်ကို လုံးဝလက်မခံဘူးဆိုတဲ့ ပြတ်သားသည့် ဆုံးဖြတ်ချက် ချခဲ့သည်ကိုလည်း တွေ့ခဲ့ရတယ်။ "

NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်



*အာဏာသိမ်းပြီး တစ်နှစ်အကြာတွင် ဆန္ဒပြသူများနှင့် အရပ်သားများအား အကြမ်းဖက် ဖြိုခွင်းချေမှုန်းခြင်းအတွက် အကြမ်းဖက်စစ်တပ်အား တာဝန်ခံရန် တောင်းဆိုမှုများ မြင့်တက်လာနေသည်။*
*Source:  AFP via Al Jazeera*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဇန်နဝါရီ ၃၁ ရက်နေ့

ရှေ့နေချုပ် ဒေါ်သီတာဦး၊ တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် စစ်အာဏာရှင်နှင့် ဆက်နွယ်သူများကို အမေရိကန်၊ ဗြိတိန်၊ ကနေဒါတို့မှ ဒဏ်ခတ် ပိတ်ဆို့အရေးယူသည့်စာရင်းသွင်းလိုက်သည်။

## ဖေဖော်ဝါရီ ၁ ရက်နေ့

မြန်မာနိုင်ငံတွင် မအောင်မြင်သည့် အာဏာသိမ်းမှု တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ခြိမ်းခြောက်မှုများကြားထဲမှ အာဏာဖီဆန်ရေး လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အသံတိတ်သပိတ်ကို နိုင်ငံတစ်ဝန်း ကျင်းပခဲ့သည်။

## ဖေဖော်ဝါရီ ၂ ရက်နေ့

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်သော ချိုးဖောက်မှုပေါင်း ၁၀၀၀ ကျော် ကျူးလွန်ခဲ့ကြောင်း ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)မှ နှစ်စဉ်ခြုံငုံသုံးသပ်ချက်ကို ထုတ်ပြန်ခဲ့သည်။

## ဖေဖော်ဝါရီ ၃ ရက်နေ့

ယခုလနှောင်းပိုင်းတွင် ကျင်းပရန်ရှိသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အကြမ်းဖက်စစ်ကောင်စီမှ ခန့်အပ်ထားသော နိုင်ငံခြားရေးဝန်ကြီးအစား မြန်မာနိုင်ငံမှ နိုင်ငံရေးနှင့်မ သက်ဆိုင်သော ကိုယ်စားလှယ်ကို ဖိတ်ကြားထားသည်ဟု ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဖေဖော်ဝါရီ ၄ ရက်နေ့

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက်
 အမျိုးသားညီညွတ်ရေးအစိုးရ(NUG)
အမည်စာရင်း တင်သွင်းခံရသည်။

## ဖေဖော်ဝါရီ ၅ ရက်နေ့

ကရင်ပြည်နယ်တွင်လေကြောင်းဖြင့်
တိုက်ခိုက်မှုကြောင့် အရပ်သား ၂ ဦး
သေဆုံးခဲ့ပြီး ၆ ဦးသေဆုံးခဲ့သည်။

## ဖေဖော်ဝါရီ ၆ ရက်နေ့

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်
ဆန်းစုကြည်ကို ၁၁ မှုမြောက်ဖြစ်သည့်
အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ
ပုဒ်မဖြင့် အကြမ်းဖက်စစ်အာဏာရှင်မှ
နောက်ထပ်တစ်မှု ထပ်မံဖွင့်ခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma